**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**

**ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန**

**(မြန်မာနိုင်ငံခရီးသွားလုပ်ငန်းနည်းဥပဒေများ)**

**အမိန့်ကြော်ငြာစာအမှတ် ၁/ ၂၀၂၀**

**၁၃၈၂ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၃ ရက်**

**(၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလ ၁၇ ရက်)**

ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနသည် မြန်မာနိုင်ငံခရီးသွားလုပ်ငန်းဥပဒေ ပုဒ်မ ၃၉၊ ပုဒ်မခွဲ (က)အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ဤနည်းဥပဒေများကို ထုတ်ပြန်လိုက်သည်။

**အခန်း(၁)**

**အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်**

၁။ ဤနည်းဥပဒေများကို **မြန်မာနိုင်ငံခရီးသွားလုပ်ငန်းနည်းဥပဒေများ**ဟု ခေါ်တွင်စေရမည်။

၂။ ဤနည်းဥပဒေများတွင် ပါရှိသော စကားရပ်များသည် မြန်မာနိုင်ငံခရီးသွားလုပ်ငန်းဥပဒေတွင် ပါရှိသည့်အတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်။ ထို့ပြင် အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်-

(က) **ဥပဒေ** ဆိုသည်မှာ မြန်မာနိုင်ငံခရီးသွားလုပ်ငန်းဥပဒေ ကို ဆိုသည်။

(ခ) **လိုင်စင်စိစစ်ရေးအဖွဲ့** ဆိုသည်မှာ လိုင်စင်လျှောက်ထားသည့်ကိစ္စနှင့်စပ်လျဉ်း၍ စိစစ်ရန် ဒေသဆိုင်ရာခရီးသွားလုပ်ငန်းကော်မတီက ဖွဲ့စည်းသော အဖွဲ့ကို ဆိုသည်။

(ဂ) **ဧည့်လမ်းညွှန်** ဆိုသည်မှာ ခရီးသည်များအား ခရီးစဉ်ဒေသများကို လမ်းညွှန်ပြသခြင်း၊ ပြောဆိုရှင်းပြခြင်းနှင့် ခရီးစဉ်တစ်လျှောက် အဆင်ပြေချောမွေ့စေရေးအတွက် စီးပွားရေးအလို့ငှာ ဆောင်ရွက်ရန် ဧည့်လမ်းညွှန်လုပ်ငန်း လိုင်စင်ရရှိသူကို ဆိုသည်။ ယင်းစကားရပ်တွင် အောက်ပါလုပ်ငန်းရပ်များကို ဆောင်ရွက်သူများ ပါဝင်ခြင်းမရှိစေရ-

(၁) ပုဂ္ဂလိကလုပ်ငန်း အဖွဲ့အစည်း သို့မဟုတ် ကုမ္ပဏီ၏ ဝန်ထမ်းတစ်ဦးဦးသည် ယင်းလုပ်ငန်းနှင့် သက်ဆိုင်သော ပုဂ္ဂိုလ်တစ်ဦးဦးအား တာဝန်အရ လုပ်ငန်းရုံးစိုက်ရာ ဒေသအတွင်းရှိ ခရီးစဉ်ဒေသကို လမ်းညွှန်ပြသခြင်း၊ ပြောဆို ရှင်းပြခြင်းနှင့် လုပ်ငန်းရုံးစိုက်ရာဒေသအတွင်း ခရီးသွားလာရာတွင် အဆင်ပြေချောမွေ့စေရေးအတွက် ဆောင်ရွက်ပေးခြင်း၊

(၂) ပုဂ္ဂိုလ်တစ်ဦးဦးသည် စီးပွားရေးအလို့ငှာ မဟုတ်ဘဲ လူမှုရေးအရ မိမိ၏ ဆွေမျိုး မိတ်ဆွေ မိတ်သင်္ဂဟတစ်ဦးဦးအား မိမိနေထိုင်ရာဒေသအတွင်းရှိ ခရီးစဉ်ဒေသကို လမ်းညွှန်ပြသခြင်း၊ ပြောဆို ရှင်းပြခြင်းနှင့် မိမိနေထိုင်ရာဒေသအတွင်းရှိ ခရီးသွားလာရာတွင် အဆင်ပြေချောမွေ့စေရေးအတွက် ဆောင်ရွက်ပေးခြင်း။

Myanmar Law Information System (MLIS)

(ဃ) **ဒေသဆိုင်ရာဧည့်လမ်းညွှန်** ဆိုသည်မှာ သတ်မှတ်ထားသော နယ်မြေဒေသအတွင်း ခရီးသည်များအား ခရီးစဉ်ဒေသများကို လမ်းညွှန်ပြသခြင်း၊ ပြောဆိုရှင်းပြခြင်းနှင့် ခရီးစဉ်တစ်လျှောက် အဆင်ပြေချောမွေ့စေရေးအတွက် စီးပွားရေးအလို့ငှာ ဆောင်ရွက်ရန် ဒေသဆိုင်ရာ ဧည့်လမ်းညွှန်လုပ်ငန်းလိုင်စင် ရရှိသူကို ဆိုသည်။

(င) **ခရီးသွားလုပ်ငန်းဆိုင်ရာအခြားဝန်ဆောင်ကြေး** ဆိုသည်မှာ ဝန်ကြီးဌာနက ပြည်ထောင်စုအစိုးရအဖွဲ့၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့၊ နေပြည်တော်ကောင်စီ၏ သဘောတူညီချက်ဖြင့် ခရီးသွားလုပ်ငန်းဆိုင်ရာ အခြားဝန်ဆောင်ခအဖြစ် သတ်မှတ်သည့် အခကြေးငွေကို ဆိုသည်။

(စ) **ပြည်ဝင်၊ ပြည်တွင်းခရီးစဉ်** ဆိုသည်မှာ ပြည်ပမှ မြန်မာနိုင်ငံအတွင်းသို့ ဝင်ရောက်ခရီးလှည့်လည်သွားလာသူများနှင့် မြန်မာနိုင်ငံအတွင်း ခရီးလှည့်လည်သွားလာသူများအတွက် စီးပွားရေးအလို့ငှာ စီစဉ် ဆောင်ရွက်ပေးသည့်ခရီးစဉ်ကို ဆိုသည်။

(ဆ) **ပြည်ပခရီးစဉ်** ဆိုသည်မှာ မြန်မာနိုင်ငံမှ ပြည်ပသို့ သွားရောက် ခရီးလှည့်လည်သွားလာသူများအတွက် စီးပွားရေးအလို့ငှာ စီစဉ်ဆောင်ရွက်ပေးသည့်ခရီးစဉ်ကို ဆိုသည်။

(ဇ) **ကော်မတီအဆင့်ဆင့်** ဆိုသည်မှာ ဥပဒေအရ ဖွဲ့စည်းထားသော အမျိုးသားခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီ၊ ခရီးသွားလုပ်ငန်းကော်မတီနှင့် ဒေသဆိုင်ရာခရီးသွားလုပ်ငန်းကော်မတီအဆင့်ဆင့်ကို ဆိုသည်။

(ဈ) **ပုံစံ** ဆိုသည်မှာ ဤနည်းဥပဒေများတွင် သတ်မှတ်ထားသော ပုံစံကို ဆိုသည်။

## အခန်း (၂)
## အမျိုးသားခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီ ဖွဲ့စည်းခြင်း

၃။ ပြည်ထောင်စုအစိုးရအဖွဲ့သည် ဗဟိုကော်မတီကို ဖွဲ့စည်းရာတွင် ခရီးသွားလုပ်ငန်းဆိုင်ရာ တတ်သိပညာရှင်နှင့် ပုဂ္ဂလိက ခရီးသွားလုပ်ငန်းအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၏ အမည်စာရင်းကို ဝန်ကြီးဌာနထံ တောင်းခံနိုင်သည်။

၄။ နည်းဥပဒေ ၃ အရ ကိုယ်စားလှယ်များ၏ အမည်စာရင်းတောင်းခံလာပါက ဝန်ကြီးဌာနသည် ခရီးသွားလုပ်ငန်းဆိုင်ရာ တတ်သိပညာရှင်များနှင့် ပုဂ္ဂလိကခရီးသွားလုပ်ငန်း အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၏ အမည်နှင့် ကိုယ်ရေးအကျဉ်းတို့ကို မြန်မာနိုင်ငံခရီးသွားလုပ်ငန်းအဖွဲ့ချုပ်ထံ တောင်းခံပြီး ပြည်ထောင်စုအစိုးရအဖွဲ့သို့ တင်ပြရမည်။

## အခန်း (၃)
## ခရီးသွားလုပ်ငန်းကော်မတီဖွဲ့စည်းခြင်း

၅။ ဗဟိုကော်မတီသည် ခရီးသွားလုပ်ငန်းကော်မတီကို ဖွဲ့စည်းရာတွင် ဥပဒေပုဒ်မ ၆၊ ပုဒ်မခွဲ (က)ပါ ပုဂ္ဂိုလ်များ၏ အမည်စာရင်းကို ဝန်ကြီးဌာနထံ တောင်းခံနိုင်သည်။

၆။ နည်းဥပဒေ ၅ အရ အမည်စာရင်းတောင်းခံလာပါက ဝန်ကြီးဌာနသည်-

Myanmar Law Information System (MLIS)

(က) နေပြည်တော်ကောင်စီမှ ကိုယ်စားလှယ်တစ်ဦးနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့ အသီးသီးမှ ကိုယ်စားလှယ်တစ်ဦးစီ၏ အမည်စာရင်းကို နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး နှင့် ပြည်နယ်အစိုးရအဖွဲ့အသီးသီးထံ တောင်းခံရမည်။

(ခ) ခရီးသွားလုပ်ငန်းဆိုင်ရာ တတ်သိပညာရှင်များနှင့် ပုဂ္ဂလိကခရီးသွားလုပ်ငန်းအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၏ အမည်နှင့် ကိုယ်ရေးအကျဉ်းတို့ကို မြန်မာနိုင်ငံခရီးသွားလုပ်ငန်းအဖွဲ့ချုပ်ထံ တောင်းခံရမည်။

၇။ ဝန်ကြီးဌာနသည် နည်းဥပဒေ ၆ အရ တောင်းခံရရှိသည့် ပုဂ္ဂိုလ်များ၏ အမည်စာရင်းကို ဗဟိုကော်မတီသို့ တင်ပြရမည်။

## အခန်း (၄)

## ဒေသဆိုင်ရာခရီးသွားလုပ်ငန်းကော်မတီဖွဲ့စည်းခြင်း

၈။ ခရီးသွားလုပ်ငန်းကော်မတီသည် ဒေသဆိုင်ရာခရီးသွားလုပ်ငန်းကော်မတီကို ဖွဲ့စည်းရာတွင် ဥပဒေ ပုဒ်မ ၉၊ ပုဒ်မခွဲ(က)ပါ ပုဂ္ဂိုလ်များ၏ အမည်စာရင်းကို ဝန်ကြီးဌာနထံ တောင်းခံနိုင်သည်။

၉။ နည်းဥပဒေ ၈ အရ အမည်စာရင်းတောင်းခံလာပါက ဝန်ကြီးဌာနသည် နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့အသီးသီးထံ တောင်းခံရမည်။

၁၀။ နည်းဥပဒေ ၉ အရ အမည်စာရင်းကို တောင်းခံလာပါက နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး နှင့် ပြည်နယ်အစိုးရအဖွဲ့အသီးသီးသည်-

(က) ဥပဒေ ပုဒ်မ ၉၊ ပုဒ်မခွဲ (က)၊ ပုဒ်မခွဲငယ် (၃)ပါ ပုဂ္ဂိုလ်များ၏ အမည်စာရင်းကို သက်ဆိုင်ရာဒေသရှိ ပုဂ္ဂလိကခရီးသွားလုပ်ငန်းအဖွဲ့အစည်းများထံ တောင်းခံရမည်။

၁၁။ ဝန်ကြီးဌာနသည် နည်းဥပဒေ ၁၀ အရ တောင်းခံရရှိသည့် ပုဂ္ဂိုလ်များ၏ အမည်စာရင်းကို ဗဟိုကော်မတီသို့ တင်ပြရမည်။

## အခန်း (၅)

## ကော်မတီအဆင့်ဆင့်၏ သက်တမ်းနှင့် အစည်းအဝေးများ ကျင်းပခြင်း

၁၂။ ကော်မတီအဆင့်ဆင့်၏ သက်တမ်းသည် ပြည်ထောင်စုအစိုးရအဖွဲ့၏ သက်တမ်းအတိုင်း ဖြစ်သည်။

၁၃။ ဗဟိုကော်မတီသည် ပုံမှန်အစည်းအဝေးကို တစ်နှစ်လျှင် အနည်းဆုံးနှစ်ကြိမ် ကျင်းပရမည်။

၁၄။ ခရီးသွားလုပ်ငန်းကော်မတီသည် ပုံမှန်အစည်းအဝေးကို တစ်နှစ်လျှင် အနည်းဆုံးနှစ်ကြိမ် ကျင်းပရမည်။

၁၅။ ဒေသဆိုင်ရာခရီးသွားလုပ်ငန်းကော်မတီသည် ပုံမှန်အစည်းအဝေးကို နှစ်လလျှင် အနည်းဆုံး တစ်ကြိမ် ကျင်းပရမည်။

၁၆။ ကော်မတီအဆင့်ဆင့် အစည်းအဝေးများ ကျင်းပရာတွင် သက်ဆိုင်ရာကော်မတီ အဖွဲ့ဝင်ဦးရေ ထက်ဝက်ကျော် တက်ရောက်လျှင် အစည်းအဝေးအထမြောက်သည်။

Myanmar Law Information System (MLIS)

၁၇။ ကော်မတီအဆင့်ဆင့်ရှိ ဥက္ကဋ္ဌသည် အရေးပေါ်အစည်းအဝေးကို လိုအပ်ပါက ခေါ်ယူကျင်းပနိုင်သည်။ သက်ဆိုင်ရာကော်မတီ၏ အဖွဲ့ဝင်ဦးရေ ထက်ဝက်ကျော် တက်ရောက်ပါက အစည်းအဝေး အထမြောက်သည်။

၁၈။ ကော်မတီအဆင့်ဆင့်သည် အစည်းအဝေးတက်ရောက်သည့် အဖွဲ့ဝင်ဦးရေ ထက်ဝက်ကျော် သဘောတူညီချက်ဖြင့် အစည်းအဝေးဆုံးဖြတ်ချက်များကို ချမှတ်ရမည်။ ယင်းဆုံးဖြတ်ချက်သည် အတည် ဖြစ်သည်။

## အခန်း (၆)

## ကော်မတီအဆင့်ဆင့်ရှိ နိုင်ငံ့ဝန်ထမ်းမဟုတ်သည့် အဖွဲ့ဝင်အား အဖွဲ့ဝင်အဖြစ်မှ ရပ်စဲခြင်း၊ အစားထိုးဖွဲ့စည်းခြင်း

၁၉။ ကော်မတီအဆင့်ဆင့်ရှိ နိုင်ငံ့ဝန်ထမ်းမဟုတ်သည့် အဖွဲ့ဝင်တစ်ဦးဦးသည် မိမိဆန္ဒအလျောက် အဖွဲ့ဝင်အဖြစ်မှ နှုတ်ထွက်လိုပါက သက်ဆိုင်ရာကော်မတီသို့ စာဖြင့် တင်ပြရမည်။

၂၀။ ကော်မတီအဆင့်ဆင့်သည် နည်းဥပဒေ ၁၉ အရ တင်ပြစာကို လက်ခံရရှိလျှင် ဒေသဆိုင်ရာ ခရီးသွား လုပ်ငန်းကော်မတီဖြစ်ပါက ခရီးသွားလုပ်ငန်းကော်မတီသို့လည်းကောင်း၊ ခရီးသွားလုပ်ငန်းကော်မတီ ဖြစ်ပါက ဗဟိုကော်မတီသို့လည်းကောင်း၊ ဗဟိုကော်မတီဖြစ်ပါက ပြည်ထောင်စုအစိုးရအဖွဲ့သို့ လည်းကောင်း တင်ပြရမည်။

၂၁။ ကော်မတီအဆင့်ဆင့်သည် နိုင်ငံ့ဝန်ထမ်းမဟုတ်သည့် အဖွဲ့ဝင်တစ်ဦးဦးအား အောက်ပါအခြေအနေ တစ်ရပ်ရပ် ပေါ်ပေါက်ပါက အဖွဲ့ဝင်အဖြစ်မှ ရပ်စဲနိုင်ရေးအတွက် ဒေသဆိုင်ရာခရီးသွားလုပ်ငန်း ကော်မတီဖြစ်ပါက ခရီးသွားလုပ်ငန်းကော်မတီသို့လည်းကောင်း၊ ခရီးသွားလုပ်ငန်းကော်မတီဖြစ်ပါက ဗဟိုကော်မတီသို့လည်းကောင်း၊ ဗဟိုကော်မတီဖြစ်ပါက ပြည်ထောင်စုအစိုးရအဖွဲ့သို့လည်းကောင်း တင်ပြရမည်-

(က) ပေးအပ်သည့်တာဝန်ကို ကျေပွန်စွာ မထမ်းဆောင်နိုင်ခြင်း၊

(ခ) တာဝန်ဆက်လက်ထမ်းဆောင်နိုင်စွမ်းမရှိသည့်အတိုင်းအတာအထိ ကျန်းမာရေးချို့ယွင်းသွားခြင်း၊

(ဂ) ထောင်ဒဏ်ချမှတ်ခံရခြင်း၊

(ဃ) လူမွဲအဖြစ် ကြေညာခံရခြင်း၊

(င) ကွယ်လွန်ခြင်း။

၂၂။ နိုင်ငံ့ဝန်ထမ်းမဟုတ်သည့် အဖွဲ့ဝင်တစ်ဦးဦး လစ်လပ်ပါက အစားထိုးဖွဲ့စည်းနိုင်ရေးအတွက် ဒေသဆိုင်ရာခရီးသွားလုပ်ငန်းကော်မတီဖြစ်ပါက ခရီးသွားလုပ်ငန်းကော်မတီသို့လည်းကောင်း၊ ခရီးသွား လုပ်ငန်းကော်မတီဖြစ်ပါက ဗဟိုကော်မတီသို့လည်းကောင်း၊ ဗဟိုကော်မတီဖြစ်ပါက ပြည်ထောင်စုအစိုးရ အဖွဲ့သို့လည်းကောင်း တင်ပြရမည်။

## အခန်း (၇)

## ခရီးစဉ်ဒေသအသစ်များ ဖော်ထုတ်ခြင်းနှင့် ခရီးစဉ်ဒေသများ စီမံခန့်ခွဲခြင်း

Myanmar Law Information System (MLIS)

၂၃။ ခရီးသွားလုပ်ငန်းကော်မတီနှင့် ဒေသဆိုင်ရာခရီးသွားလုပ်ငန်းကော်မတီများသည် ခရီးစဉ်ဒေသ အသစ်များ ဖော်ထုတ်ရာတွင် ယင်းခရီးစဉ်ဒေသသည် ဝန်ကြီးဌာနတစ်ခုခု၏ စီမံခန့်ခွဲမှုအောက်တွင် ရှိပါက သက်ဆိုင်ရာ ဝန်ကြီးဌာနနှင့် ညှိနှိုင်း ဆောင်ရွက်ရမည်။

၂၄။ ဝန်ကြီးဌာနသည် ခရီးစဉ်ဒေသအတွင်း ကျရောက်သော ကမ်းခြေဒေသများ၊ ကျွန်းများ၊ မြစ်ချောင်း များ၊ အင်းအိုင်များ၊ တောင်တန်းဒေသများနှင့် သစ်တောများ ရေရှည်တည်တံ့စေရန် စည်းကမ်းချက်များ သတ်မှတ်ရမည်။

၂၅။ နည်းဥပဒေ ၂၄ အရ စည်းကမ်းချက်များ သတ်မှတ်ရာတွင် ခရီးစဉ်ဒေသကို စီမံခန့်ခွဲခွင့်ရှိသည့် သက်ဆိုင်ရာဝန်ကြီးဌာန၏ အကြံပြုချက် ရယူရမည်။

## အခန်း (၈)

## ကြိုတင်ခွင့်ပြုချက်လျှောက်ထားခြင်း

၂၆။ ဟိုတယ် သို့မဟုတ် တည်းခိုရိပ်သာ လုပ်ငန်းလုပ်ကိုင်မည့်သူသည် လုပ်ငန်းစတင် အကောင်အထည် မဖော်မီ ဟိုတယ် သို့မဟုတ် တည်းခိုရိပ်သာ အဆောက်အအုံ ဆောက်လုပ်ခြင်းနှင့် ပြုပြင်မွမ်းမံခြင်းတို့ ပြုလုပ်လိုပါက ဒေသဆိုင်ရာခရီးသွားလုပ်ငန်းကော်မတီသို့ အောက်ပါအချက်အလက် အထောက်အထား များနှင့်အတူ ကြိုတင်ခွင့်ပြုချက်ကို ပုံစံ(၁)ဖြင့် လျှောက်ထားရမည်-

(က) အဆောက်အအုံ ဆောက်လုပ်ခြင်း သို့မဟုတ် ပြုပြင်မွမ်းမံခြင်းနှင့်စပ်လျဉ်း၍ နေပြည်တော် ကောင်စီ သို့မဟုတ် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့၏ ထောက်ခံချက်၊

(ခ) အဆောက်အအုံ ဆောက်လုပ်ခြင်း သို့မဟုတ် ပြုပြင်မွမ်းမံခြင်းနှင့်စပ်လျဉ်း၍ မြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန၏ ထောက်ခံချက်၊

(ဂ) အဆောက်အအုံဆောက်လုပ်ခြင်း သို့မဟုတ် ပြုပြင်မွမ်းမံခြင်းနှင့်စပ်လျဉ်း၍ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး၏ ထောက်ခံချက်၊

(ဃ) အဆောက်အအုံဆောက်လုပ်ခြင်း သို့မဟုတ် ပြုပြင်မွမ်းမံခြင်းနှင့်စပ်လျဉ်း၍ စည်ပင်သာယာရေး နယ်နိမိတ်အတွင်းဖြစ်ပါက သက်ဆိုင်ရာ စည်ပင်သာယာရေးအဖွဲ့၏ ထောက်ခံချက် သို့မဟုတ် ခွင့်ပြုမိန့်၊

(င) ပြစ်မှုကင်းရှင်းကြောင်း သက်ဆိုင်ရာ ရဲစခန်း၏ ထောက်ခံချက်၊

(စ) မီးဘေးအန္တရာယ်နှင့်စပ်လျဉ်း၍ သက်ဆိုင်ရာမြို့နယ်မီးသတ်ဦးစီးဌာန၏ ထောက်ခံချက်၊

(ဆ) ရေဆိုးစွန့်ပစ်မှုစနစ်နှင့် ကျန်းမာရေးနှင့် ညီညွတ်သော အစားအသောက်ပြင်ဆင်မှုစနစ်နှင့် စပ်လျဉ်း၍ သက်ဆိုင်ရာမြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန၏ ထောက်ခံချက်၊

(ဇ) တာဝန်ခံအင်ဂျင်နီယာ လက်မှတ်ရေးထိုးထားသည့် ဆောက်လုပ်မည့် ဟိုတယ် သို့မဟုတ် တည်းခို ရိပ်သာ အဆောက်အအုံပုံစံ၊

(ဈ) သဘာဝပတ်ဝန်းကျင်ထိခိုက်မှု ရှိ မရှိနှင့်စပ်လျဉ်း၍ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၏ ထောက်ခံချက်၊

Myanmar Law Information System (MLIS)

(ည) မြေပိုင်ဆိုင်မှုအထောက်အထား သို့မဟုတ် မြေကို ငှားရမ်းခြင်းဖြစ်ပါက ငှားရမ်းသည့်
အထောက်အထား သို့မဟုတ် အဆောက်အအုံကို ငှားရမ်းခြင်းဖြစ်ပါက
ငှားရမ်းသည့်အထောက်အထား၊

(ဋ) "မ" တည်ငွေရင်း ပမာဏနှင့် လုပ်ငန်းဆောင်ရွက်ရန် ငွေကြေးခိုင်မာမှုအထောက်အထား၊

(ဌ) လျှောက်ထားသူ၏ ခြောက်လအတွင်း ရိုက်ကူးထားသည့် ရောင်စုံဓာတ်ပုံ(၃)ပုံ၊

(ဍ) အဆိုပြုသည့် မြေနေရာနှင့် အဆောက်အအုံသည် ရှေးဟောင်းယဉ်ကျေးမှုနယ်မြေနှင့် ဆက်စပ်
တည်ရှိပါက သက်ဆိုင်ရာရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန၏ ထောက်ခံချက်၊

(ဎ) အဆိုပြုသည့် မြေနေရာနှင့် အဆောက်အအုံသည် သစ်တောနှင့်
သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး နယ်မြေနှင့် ဆက်စပ်တည်ရှိပါက သစ်တောဦးစီးဌာန၏
ထောက်ခံချက်၊

(ဏ) အဆိုပြုသည့် မြေနေရာသည် လေယာဉ်ကွင်းနယ်နိမိတ်နှင့် ဆက်စပ်တည်ရှိပါက လေကြောင်း
ပို့ဆောင်ရေးဦးစီးဌာန၏ ထောက်ခံချက်။

၂၇။ ဒေသဆိုင်ရာခရီးသွားလုပ်ငန်းကော်မတီသည် နည်းဥပဒေ ၂၆ အရ လျှောက်ထားချက်ကို လက်ခံ
ရရှိသည့်နေ့မှ ရက်ပေါင်း ၃၀ အတွင်း စိစစ်ဆုံးဖြတ်ရမည်။ ယင်းသို့ စိစစ်ဆုံးဖြတ်ရာတွင်-

(က) အချက်အလက် အထောက်အထားပြည့်စုံပြီး သတ်မှတ်ချက်များနှင့် ကိုက်ညီပါက ကြိုတင်
ခွင့်ပြုချက် လျှောက်ထားမှုကို ခွင့်ပြုရမည်။

(ခ) အချက်အလက်အထောက်အထား ပြည့်စုံမှုမရှိပါက အကျိုးအကြောင်း ဖော်ပြ၍
လျှောက်ထားသူထံ လိုအပ်ချက်များ တောင်းခံရမည်။

(ဂ) အချက်အလက်အထောက်အထားများ ပြည့်စုံစွာ ပြန်လည်တင်ပြပါက သတ်မှတ်ချက်များနှင့်
ကိုက်ညီမှု ရှိ မရှိ စစ်ဆေးပြီး ကိုက်ညီပါက ကြိုတင်ခွင့်ပြုချက်လျှောက်ထားမှုကို ခွင့်ပြုရမည်။

(ဃ) လျှောက်ထားချက်သည် သတ်မှတ်ချက်များနှင့် ကိုက်ညီမှုမရှိပါက ငြင်းပယ်ရမည်။

၂၈။ ဒေသဆိုင်ရာခရီးသွားလုပ်ငန်းကော်မတီသည် နည်းဥပဒေ ၂၆ အရ လျှောက်ထားချက်နှင့်စပ်လျဉ်း၍
ဆုံးဖြတ်ချက်ကို သက်ဆိုင်ရာလျှောက်ထားသူထံ စာဖြင့် အကြောင်းကြားရမည်။

၂၉။ ဟိုတယ် သို့မဟုတ် တည်းခိုရိပ်သာလုပ်ငန်း လုပ်ကိုင်မည့်သူသည် ဒေသဆိုင်ရာခရီးသွားလုပ်ငန်း
ကော်မတီ၏ ကြိုတင်ခွင့်ပြုချက်ရရှိပြီးမှ ဟိုတယ် သို့မဟုတ် တည်းခိုရိပ်သာ ဆောက်လုပ်ခြင်း
သို့မဟုတ် ပြုပြင်မွမ်းမံခြင်း ပြုလုပ်ရမည်။

၃၀။ ကြိုတင်ခွင့်ပြုချက်အရ ဟိုတယ် သို့မဟုတ် တည်းခိုရိပ်သာအဆောက်အအုံ ဆောက်လုပ်ခြင်း
သို့မဟုတ် ပြုပြင်မွမ်းမံခြင်း ပြုလုပ်နေစဉ် ကြိုတင်ခွင့်ပြုချက်လျှောက်ထားစဉ်က
တင်ပြခဲ့သည့်အတိုင်း ဆောင်ရွက်မှု ရှိ မရှိ ဒေသဆိုင်ရာခရီးသွားလုပ်ငန်းကော်မတီမှ
တာဝန်ပေးအပ်သော အဖွဲ့က ကွင်းဆင်း စစ်ဆေးရမည်။

၃၁။ ကြိုတင်ခွင့်ပြုချက်ရရှိသူသည် ဟိုတယ် သို့မဟုတ် တည်းခိုရိပ်သာအဆောက်အအုံ ဆောက်လုပ်ခြင်း
သို့မဟုတ် ပြုပြင်မွမ်းမံခြင်း လုပ်ငန်းဆောင်ရွက်ပြီးစီးမှုအခြေအနေကို ဒေသဆိုင်ရာခရီးသွားလုပ်ငန်း

Myanmar Law Information System (MLIS)

ကော်မတီသို့ ခြောက်လ တစ်ကြိမ် စာဖြင့် တင်ပြရမည်။ လုပ်ငန်းဆောင်ရွက်ပြီးစီးပါက လုပ်ငန်းပြီးစီးကြောင်းကို စာဖြင့် တင်ပြရမည်။

## အခန်း (၉)

## လိုင်စင်လျှောက်ထားခြင်း၊ သက်တမ်းတိုးခြင်း၊ လွှဲပြောင်းခြင်းနှင့် စည်းကမ်းချက်များသတ်မှတ်ခြင်း

၃၂။ ခရီးလှည့်လည်ရေးလုပ်ငန်းလုပ်ကိုင်လိုသူသည် လိုင်စင်ရရှိရန် ပြည်ဝင်၊ ပြည်တွင်း ခရီးစဉ်ဖြစ်ပါက ပုံစံ(၂)ဖြင့်လည်းကောင်း၊ ပြည်ပခရီးစဉ်ဖြစ်ပါက ပုံစံ(၃)ဖြင့်လည်းကောင်း၊ အောက်ပါအချက်အလက် အထောက်အထားများ ပူးတွဲ၍ သက်ဆိုင်ရာဒေသဆိုင်ရာ ခရီးသွားလုပ်ငန်းကော်မတီသို့ လျှောက်ထားရမည်-

(က) **ပြည်ဝင်၊ ပြည်တွင်းခရီးစဉ်**

(၁) ကုမ္ပဏီဖြစ်ပါက ကုမ္ပဏီဖွဲ့စည်းတည်ထောင်မှု သက်သေခံလက်မှတ်မိတ္တူ၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနမှ အတည်ပြုထားသော ဒါရိုက်တာအဖွဲ့ဝင်စာရင်း၊ ရုံးခန်းလိပ်စာနှင့် အစုရှယ်ယာပါဝင်မှုစာရင်း၊

(၂) သမဝါယမအသင်းဖြစ်ပါက သမဝါယမအသင်း မှတ်ပုံတင်လက်မှတ်မိတ္တူ၊ သမဝါယမဦးစီးဌာနမှ အတည်ပြုထားသော အလုပ်အမှုဆောင်အဖွဲ့ဝင် စာရင်း၊ ရုံးခန်းလိပ်စာနှင့် အစုရှယ်ယာပါဝင်မှုစာရင်း၊

(၃) နိုင်ငံသားကုမ္ပဏီနှင့် နိုင်ငံခြားကုမ္ပဏီတို့ ဖက်စပ်ဆောင်ရွက်ခြင်းဖြစ်ပါက ဖက်စပ် ဆောင်ရွက်ကြောင်း အထောက်အထားမိတ္တူ၊

(၄) ဘဏ်ရှင်းတမ်းမိတ္တူ၊

(၅) ဝန်ထမ်းအင်အားစာရင်း၊

(၆) ဆောင်ရွက်မည့်ခရီးစဉ်များ၊ ဈေးနှုန်းများနှင့် ဝန်ဆောင်မှုပေးမည့်အစီအစဉ်များ၊

(၇) လျှောက်ထားသူ၏ ကိုယ်ရေးရာဇဝင်နှင့် နိုင်ငံသား သို့မဟုတ် နိုင်ငံခြားသားမှတ်ပုံတင်မိတ္တူ၊

(၈) လျှောက်ထားသူ၏ ခြောက်လအတွင်း ရိုက်ကူးထားသည့် ရောင်စုံဓာတ်ပုံ (၃) ပုံ။

(ခ) **ပြည်ပခရီးစဉ်**

(၁) ခရီးလှည့်လည်ရေးလုပ်ငန်း (ပြည်ဝင်၊ ပြည်တွင်းခရီးစဉ်) လိုင်စင်မိတ္တူ၊

(၂) ဘဏ်ရှင်းတမ်းမိတ္တူ၊

(၃) ဝန်ဆောင်မှုပေးမည့် ခရီးစဉ်များ၊ ဈေးနှုန်းများနှင့် ဝန်ဆောင်မှုပေးမည့် အစီအစဉ်များ၊

(၄) ဝန်ဆောင်မှုအပေါ် အပြည့်အဝတာဝန်ယူကြောင်း ကတိသစ္စာပြုလွှာ သို့မဟုတ် ကျမ်းကျိန်လွှာ၊

(၅) ကုမ္ပဏီ၏ ဒါရိုက်တာအဖွဲ့ဝင်တစ်ဦး သို့မဟုတ် သမဝါယမအသင်း၏ အလုပ်အမှုဆောင်အဖွဲ့ဝင် တစ်ဦး သို့မဟုတ် ခရီးလှည့်လည်ရေးလုပ်ငန်းကို တာဝန်ယူဆောင်ရွက်မည့်သူတစ်ဦးသည် ခရီးသွား လုပ်ငန်းအတွေ့အကြုံ အနည်းဆုံး(၂)နှစ်ရှိကြောင်း အထောက်အထား၊

(၆) လျှောက်ထားသူ၏ ခြောက်လအတွင်း ရိုက်ကူးထားသည့် ရောင်စုံဓာတ်ပုံ (၃) ပုံ၊

Myanmar Law Information System (MLIS)

(ဂ) ဘာသာရေးဆိုင်ရာခရီးစဉ်များကို သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများ၏ သတ်မှတ်ချက်များနှင့်အညီ လိုက်နာဆောင်ရွက်မည်ဖြစ်ကြောင်း ဝန်ခံကတိပြုချက်။

၃၃။ ဟိုတယ်လုပ်ငန်းလုပ်ကိုင်လိုသူသည် လိုင်စင်ရရှိရန် အောက်ပါအချက်အလက် အထောက်အထားများ ပူးတွဲ၍ ပုံစံ (၄) ဖြင့် သက်ဆိုင်ရာဒေသဆိုင်ရာခရီးသွားလုပ်ငန်းကော်မတီသို့ လျှောက်ထားရမည်-

(က) ကြိုတင်ခွင့်ပြုချက်မိတ္တူ၊

(ခ) ဘဏ်ရှင်းတမ်းမိတ္တူ၊

(ဂ) ဟိုတယ်လုပ်ငန်းလိုင်စင် လျှောက်ထားခြင်းနှင့်စပ်လျဉ်း၍ နေပြည်တော်ကောင်စီ သို့မဟုတ် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့၏ ထောက်ခံချက်၊

(ဃ) ဟိုတယ်လုပ်ငန်းလိုင်စင် လျှောက်ထားခြင်းနှင့်စပ်လျဉ်း၍ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ၏ ထောက်ခံချက်၊

(င) စည်ပင်သာယာရေးနယ်နိမိတ်အတွင်းဖြစ်ပါက ဟိုတယ်လုပ်ငန်းလိုင်စင် လျှောက်ထားခြင်းနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာစည်ပင်သာယာရေးအဖွဲ့၏ ထောက်ခံချက်၊

(စ) ပြစ်မှုကင်းရှင်းကြောင်း သက်ဆိုင်ရာရဲစခန်း၏ ထောက်ခံချက်၊

(ဆ) မီးဘေးအန္တရာယ်နှင့်စပ်လျဉ်း၍ သက်ဆိုင်ရာမြို့နယ်မီးသတ်ဦးစီးဌာန၏ ထောက်ခံချက်၊

(ဇ) ရေဆိုးစွန့်ပစ်မှုစနစ်၊ ကျန်းမာရေးနှင့် ညီညွတ်သော အစားအသောက်ပြင်ဆင်မှုစနစ်များနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာမြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန၏ ထောက်ခံချက်၊

(ဈ) သဘာဝပတ်ဝန်းကျင်ထိခိုက်မှု ရှိ မရှိနှင့်စပ်လျဉ်း၍ ပတ်ဝန်းကျင် ထိန်းသိမ်းရေးဦးစီးဌာန၏ ထောက်ခံချက်၊

(ည) ဟိုတယ်လုပ်ငန်းလိုင်စင် လျှောက်ထားခြင်းနှင့်စပ်လျဉ်း၍ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး၏ ထောက်ခံချက်၊

(ဋ) မြေပိုင်ဆိုင်မှုအထောက်အထား သို့မဟုတ် မြေကို ငှားရမ်းခြင်းဖြစ်ပါက ငှားရမ်းသည့် အထောက်အထား သို့မဟုတ် အဆောက်အအုံကို ငှားရမ်းခြင်းဖြစ်ပါက ငှားရမ်းသည့် အထောက်အထား၊

(ဌ) အဆောက်အအုံနှင့် အခန်းဓာတ်ပုံများ၊

(ဍ) လျှောက်ထားသူ၏ (၆)လအတွင်း ရိုက်ကူးထားသည့် ရောင်စုံဓာတ်ပုံ(၃)ပုံ၊

(ဎ) ကုမ္ပဏီ သို့မဟုတ် အဖွဲ့အစည်းဖြစ်ပါက ကုမ္ပဏီဖွဲ့စည်းတည်ထောင်မှုသက်သေခံလက်မှတ် မိတ္တူ သို့မဟုတ် အဖွဲ့အစည်းမှတ်ပုံတင်မိတ္တူ၊

(ဏ) နိုင်ငံသားနှင့် နိုင်ငံခြားသားတို့ ဖက်စပ်ဆောင်ရွက်ခြင်းဖြစ်ပါက ဖက်စပ်ဆောင်ရွက်ကြောင်း အထောက်အထားမိတ္တူ၊

(တ) ဝန်ထမ်းအင်အားစာရင်း၊ (ဝန်ထမ်းတစ်ဦးချင်း၏ အမည်၊ ပညာအရည်အချင်းနှင့် လုပ်ငန်း အတွေ့အကြုံကို ဖော်ပြရမည်)

(ထ) အဆောက်အအုံသည် ရှေးဟောင်းယဉ်ကျေးမှုနယ်မြေတွင် တည်ရှိပါက ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန၏ ထောက်ခံချက်၊

Myanmar Law Information System (MLIS)

(ဒ) အဆောက်အအုံသည် သစ်တောနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနယ်မြေတွင် တည်ရှိပါက သစ်တောဦးစီးဌာန၏ ထောက်ခံချက်။

၃၄။ တည်းခိုရိပ်သာလုပ်ငန်းလုပ်ကိုင်လိုသူသည် လိုင်စင်ရရှိရန် အောက်ပါအချက်အလက် အထောက်အထားများ ပူးတွဲ၍ ပုံစံ(၅) ဖြင့် သက်ဆိုင်ရာဒေသဆိုင်ရာခရီးသွားလုပ်ငန်းကော်မတီသို့ လျှောက်ထားရမည်-

(က) ကြိုတင်ခွင့်ပြုချက်မိတ္တူ၊

(ခ) ဘဏ်ရှင်းတမ်းမိတ္တူ၊

(ဂ) တည်းခိုရိပ်သာလုပ်ငန်းလိုင်စင် လျှောက်ထားခြင်းနှင့်စပ်လျဉ်း၍ နေပြည်တော်ကောင်စီ သို့မဟုတ် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့၏ ထောက်ခံချက်၊

(ဃ) တည်းခိုရိပ်သာလုပ်ငန်းလိုင်စင် လျှောက်ထားခြင်းနှင့်စပ်လျဉ်း၍ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ ထောက်ခံချက်၊

(င) စည်ပင်သာယာရေးနယ်နိမိတ်အတွင်းဖြစ်ပါက တည်းခိုရိပ်သာလုပ်ငန်းလိုင်စင် လျှောက်ထားခြင်းနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာစည်ပင်သာယာရေးအဖွဲ့၏ ထောက်ခံချက်၊

(စ) ပြစ်မှုကင်းရှင်းကြောင်း သက်ဆိုင်ရာရဲစခန်း၏ ထောက်ခံချက်၊

(ဆ) မီးဘေးအန္တရာယ်နှင့်စပ်လျဉ်း၍ သက်ဆိုင်ရာမြို့နယ်မီးသတ်ဦးစီးဌာန၏ ထောက်ခံချက်၊

(ဇ) ရေဆိုးစွန့်ပစ်မှုစနစ်၊ ကျန်းမာရေးနှင့် ညီညွတ်သော အစားအသောက်ပြင်ဆင်မှုစနစ်များနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာမြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန၏ ထောက်ခံချက်၊

(ဈ) သဘာဝပတ်ဝန်းကျင်ထိခိုက်မှု ရှိ မရှိနှင့်စပ်လျဉ်း၍ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၏ ထောက်ခံချက်၊

(ည) တည်းခိုရိပ်သာလုပ်ငန်းလိုင်စင် လျှောက်ထားခြင်းနှင့်စပ်လျဉ်း၍ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး၏ ထောက်ခံချက်၊

(ဋ) မြေပိုင်ဆိုင်မှုအထောက်အထား သို့မဟုတ် မြေကို ငှားရမ်းခြင်းဖြစ်ပါက ငှားရမ်းသည့် အထောက်အထား သို့မဟုတ် အဆောက်အအုံကို ငှားရမ်းခြင်းဖြစ်ပါက ငှားရမ်းသည့် အထောက်အထား၊

(ဌ) အဆောက်အအုံနှင့် အခန်းဓာတ်ပုံများ၊

(ဍ) လျှောက်ထားသူ၏ (၆)လအတွင်း ရိုက်ကူးထားသည့် ရောင်စုံဓာတ်ပုံ(၃)ပုံ၊

(ဎ) ကုမ္ပဏီ သို့မဟုတ် အဖွဲ့အစည်းဖြစ်ပါက ကုမ္ပဏီဖွဲ့စည်းတည်ထောင်မှုသက်သေခံလက်မှတ် မိတ္တူ သို့မဟုတ် အဖွဲ့အစည်းမှတ်ပုံတင်မိတ္တူ၊

(ဏ) ဝန်ထမ်းအင်အားစာရင်း၊ (ဝန်ထမ်းတစ်ဦးချင်း၏ အမည်၊ ပညာအရည်အချင်းနှင့် လုပ်ငန်းအတွေ့အကြုံကို ဖော်ပြရမည်)

(တ) အဆောက်အအုံသည် ရှေးဟောင်းယဉ်ကျေးမှုနယ်မြေတွင် တည်ရှိပါက ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန၏ ထောက်ခံချက်၊

Myanmar Law Information System (MLIS)

(ထ) အဆောက်အအုံသည် သစ်တောနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနယ်မြေတွင် တည်ရှိပါက သစ်တောဦးစီးဌာန၏ ထောက်ခံချက်။

၃၅။ ဧည့်လမ်းညွှန်လုပ်ငန်းလုပ်ကိုင်လိုသူသည် လိုင်စင်ရရှိရန် ဧည့်လမ်းညွှန်လုပ်ငန်းဖြစ်ပါက ပုံစံ(၆) ဖြင့်လည်းကောင်း၊ ဒေသဆိုင်ရာဧည့်လမ်းညွှန်လုပ်ငန်းဖြစ်ပါက ပုံစံ(၇)ဖြင့်လည်းကောင်း အောက်ပါအချက်အလက်အထောက်အထားများ ပူးတွဲ၍ သက်ဆိုင်ရာဒေသဆိုင်ရာခရီးသွားလုပ်ငန်းကော်မတီသို့ လျှောက်ထားရမည်-

(က) ပညာအရည်အချင်းအထောက်အထားမိတ္တူ၊

(ခ) နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊

(ဂ) ဧည့်လမ်းညွှန်လုပ်ငန်းဖြစ်ပါက ဧည့်လမ်းညွှန်သင်တန်းအောင်လက်မှတ်မိတ္တူ၊ ဒေသဆိုင်ရာဧည့်လမ်းညွှန်လုပ်ငန်းဖြစ်ပါက သက်ဆိုင်ရာဒေသ၏ ဒေသဆိုင်ရာ ဧည့်လမ်းညွှန်သင်တန်းအောင်လက်မှတ်မိတ္တူ၊

(ဃ) လျှောက်ထားသူ၏ ခြောက်လအတွင်း ရိုက်ကူးထားသည့် ရောင်စုံဓာတ်ပုံ(၃)ပုံ၊

(င) ကျန်းမာရေးကောင်းမွန်ကြောင်း သက်ဆိုင်ရာ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန၏ ထောက်ခံချက်၊

(စ) အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာရပ်ကွက်၊ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး၏ ထောက်ခံချက်၊

(ဆ) ပြစ်မှုကင်းရှင်းကြောင်း သက်ဆိုင်ရာရဲစခန်း၏ ထောက်ခံချက်။

၃၆။ ခရီးသွားလုပ်ငန်းဆိုင်ရာ အခြားဝန်ဆောင်မှုလုပ်ငန်းလုပ်ကိုင်လိုသူသည် လိုင်စင်ရရှိရန် လုပ်ငန်းအမျိုးအစားအလိုက် သတ်မှတ်ချက်နှင့်အညီ သက်ဆိုင်ရာဒေသဆိုင်ရာခရီးသွားလုပ်ငန်းကော်မတီသို့ လျှောက်ထားရမည်။

၃၇။ ဒေသဆိုင်ရာခရီးသွားလုပ်ငန်းကော်မတီသည် လိုင်စင်လျှောက်ထားသည့်ကိစ္စနှင့်စပ်လျဉ်း၍ စိစစ်နိုင်ရန် လိုင်စင်စိစစ်ရေးအဖွဲ့ကို ဖွဲ့စည်းတာဝန်ပေးအပ်နိုင်သည်။

၃၈။ လိုင်စင်စိစစ်ရေးအဖွဲ့သည် လိုင်စင်လျှောက်ထားချက်ကို စိစစ်ရန် လက်ခံရရှိသည့်နေ့မှ ရက်ပေါင်း ၃၀ အတွင်း သတ်မှတ်ချက်များနှင့် ညီညွတ်မှု ရှိ မရှိ စိစစ်ပြီး တွေ့ရှိချက်ကို ဒေသဆိုင်ရာခရီးသွားကော်မတီသို့ တင်ပြရမည်။

၃၉။ ဒေသဆိုင်ရာခရီးသွားလုပ်ငန်းကော်မတီသည် နည်းဥပဒေ ၃၈ အရ လိုင်စင်စိစစ်ရေးအဖွဲ့၏ တင်ပြချက်ကို စိစစ်ပြီး-

(က) သတ်မှတ်ချက်များနှင့် ညီညွတ်ပါက လျှောက်ထားသူအား သတ်မှတ်ထားသော လိုင်စင်ကြေးကို ပေးဆောင်စေပြီး လိုင်စင်ထုတ်ပေးရမည်။

(ခ) သတ်မှတ်ချက်များနှင့် ညီညွတ်မှုမရှိပါက လိုင်စင်ထုတ်ပေးရန် ငြင်းပယ်ရမည်။

၄၀။ ဦးစီးဌာနသည် လိုင်စင်နှင့်စပ်လျဉ်းသည့် စည်းကမ်းချက်များကို သတ်မှတ်ရမည်။ လိုအပ်ပါက ယင်းစည်းကမ်းချက်များကို ပြင်ဆင်ခြင်း၊ ဖြည့်စွက်ခြင်း ပြုနိုင်သည်။

Myanmar Law Information System (MLIS)

၄၁။ လိုင်စင်ရရှိသူသည် လိုင်စင်သက်တမ်းတိုးမြှင့်လိုပါက သက်တမ်းမကုန်ဆုံးမီ ရက်ပေါင်း ၆၀ အတွင်း အောက်ပါအချက်အလက် အထောက်အထားများ ပူးတွဲ၍ ပုံစံ(၈)ဖြင့် သက်ဆိုင်ရာ ဒေသဆိုင်ရာခရီးသွား လုပ်ငန်းကော်မတီသို့ လျှောက်ထားရမည်-

(က) လိုင်စင်မူရင်း၊

(ခ) သက်ဆိုင်ရာ ပြည်တွင်းအခွန်များဦးစီးဌာန၏ အခွန်ကင်းရှင်းကြောင်း သက်သေခံလက်မှတ်မူရင်း၊

(ဂ) လျှောက်ထားသူ၏ ခြောက်လအတွင်း ရိုက်ကူးထားသည့် ရောင်စုံ ဓာတ်ပုံ (၃)ပုံ။

၄၂။ ဧည့်လမ်းညွှန်လုပ်ငန်းလိုင်စင်မှအပ အခြားခရီးသွားလုပ်ငန်းလိုင်စင်ရရှိသူသည် အခြားသူ တစ်ဦးတစ်ယောက်ထံ လိုင်စင်ကို လွှဲပြောင်းလိုပါက အောက်ပါအထောက်အထားများဖြင့် သက်ဆိုင်ရာ ဒေသဆိုင်ရာခရီးသွားလုပ်ငန်းကော်မတီသို့ လျှောက်ထားရမည်-

(က) လိုင်စင်လွှဲပြောင်းလိုကြောင်း လျှောက်ထားလွှာ၊

(ခ) လိုင်စင်မူရင်း၊

(ဂ) လွှဲပြောင်းမည့်သူ၏ တင်ပြချက်၊

(ဃ) လက်ခံမည့်သူ၏ တင်ပြချက်၊

(င) လွှဲပြောင်းရသည့် အကြောင်းနှင့်စပ်လျဉ်းသော အထောက်အထား (စာချုပ်များရှိပါက ယင်းစာချုပ် များကို တင်ပြရန်)၊

(စ) လက်ခံမည့်သူ၏ ခြောက်လအတွင်း ရိုက်ကူးထားသည့် ရောင်စုံ ဓာတ်ပုံ (၃)ပုံ၊

(ဆ) လက်ခံမည့်သူသည် ကုမ္ပဏီ သို့မဟုတ် အဖွဲ့အစည်းဖြစ်ပါက ကုမ္ပဏီဖွဲ့စည်းတည်ထောင်မှု သက်သေခံလက်မှတ်မိတ္တူ သို့မဟုတ် အဖွဲ့အစည်းမှတ်ပုံတင် မိတ္တူနှင့် ဒါရိုက်တာအဖွဲ့ သို့မဟုတ် အဖွဲ့အစည်း၏ အစည်းအဝေးမှတ်တမ်း။

၄၃။ နည်းဥပဒေ ၄၂ အရ လျှောက်ထားချက်ကို လက်ခံရရှိသည့် ဒေသဆိုင်ရာခရီးသွားလုပ်ငန်းကော်မတီ သည် သတ်မှတ်ချက်များနှင့် ညီညွတ်ခြင်း ရှိ မရှိ စိစစ်ပြီး လိုင်စင် လွှဲပြောင်းခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်း ပြုနိုင်သည်။

၄၄။ နည်းဥပဒေ ၄၃ အရ လိုင်စင်လွှဲပြောင်းခွင့်ပြုပါက လိုင်စင် လက်ခံမည့်သူသည် သတ်မှတ်ထားသည့် ဝန်ဆောင်ခကြေးကို ပေးသွင်းရမည်။

## အခန်း (၁၀)

## ခရီးသွားလုပ်ငန်းအမျိုးအစားသတ်မှတ်ခြင်းနှင့် လိုင်စင်ကြေးများသတ်မှတ်ခြင်း

၄၅။ ဝန်ကြီးဌာနသည် ခရီးသွားလုပ်ငန်းအမျိုးအစားများနှင့် လုပ်ငန်းလိုအပ်ချက်များ၊ စည်းကမ်းချက်များ ကို သတ်မှတ်ရမည်။ လိုအပ်ပါက ပြင်ဆင်သတ်မှတ်နိုင်သည်။

၄၆။ ဝန်ကြီးဌာနသည် ပြည်ထောင်စုအစိုးရအဖွဲ့၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့၊ နေပြည်တော်ကောင်စီ၏ သဘောတူညီချက်ဖြင့် လိုင်စင်ကြေး၊ လိုင်စင်အသစ်လဲလှယ်ကြေး (သက်တမ်း တိုးကြေး)၊ လိုင်စင်ဒဏ်ကြေးနှင့် ခရီးသွားလုပ်ငန်းဆိုင်ရာ အခြားဝန်ဆောင်ခကြေးများကို သတ်မှတ် ရမည်။ လိုအပ်ပါက ပြင်ဆင်သတ်မှတ်နိုင်သည်။

Myanmar Law Information System (MLIS)

## အခန်း (၁၁)

## စစ်ဆေးရေးအဖွဲ့များ ဖွဲ့စည်းခြင်းနှင့် လုပ်ငန်းတာဝန်များ

၄၇။ ဝန်ကြီးဌာနသည် ခရီးသွားလုပ်ငန်းတစ်ခုချင်းအလိုက် ခရီးသွားလုပ်ငန်းများ အရည်အသွေး ပြည့်မီခြင်း ရှိ မရှိ ကို ပုံမှန်စစ်ဆေးခြင်း သို့မဟုတ် ရှောင်တခင်စစ်ဆေးခြင်းပြုရန် စစ်ဆေးရေးအဖွဲ့များ အား လိုအပ်သလို ဖွဲ့စည်းတာဝန်ပေးအပ်ရမည်။

၄၈။ ဝန်ကြီးဌာနသည် စစ်ဆေးရေးအဖွဲ့ ဖွဲ့စည်းရာတွင် ဝန်ကြီးဌာနနှင့် ဦးစီးဌာနတို့မှ အရာထမ်းများဖြင့် ဖွဲ့စည်းရမည်။ ယင်းအဖွဲ့ကို အဖွဲ့ဝင် အနည်းဆုံး သုံးဦး ဖြင့် ဖွဲ့စည်းရမည်။

၄၉။ စစ်ဆေးရေးအဖွဲ့သည် ခရီးသွားလုပ်ငန်းတစ်ရပ်ရပ်ကို စစ်ဆေးရာတွင်-

(က) ပုံမှန်စစ်ဆေးခြင်းမပြုမီ ခုနစ်ရက် ကြိုတင်၍ သက်ဆိုင်ရာလုပ်ငန်းရှင်သို့ စာဖြင့် အကြောင်းကြား ရမည်။

(ခ) သက်ဆိုင်ရာခရီးသွားလုပ်ငန်းတွင် လုပ်ငန်းလိုအပ်ချက်များ ရှိ မရှိနှင့် လုပ်ငန်းအမျိုးအစားအရ သတ်မှတ်ထားသည့် စည်းကမ်းချက်များကို လိုက်နာဆောင်ရွက်မှု ရှိ မရှိတို့ကို စစ်ဆေးရမည်။

၅၀။ စစ်ဆေးရေးအဖွဲ့သည် ခရီးသွားလုပ်ငန်းတစ်ရပ်ရပ်ကို စစ်ဆေးပြီးပါက စစ်ဆေးတွေ့ရှိချက်၊ အကြံပြုချက်များ ပါဝင်သော အစီရင်ခံစာကို ဝန်ကြီးဌာနသို့ ခုနစ်ရက်အတွင်း တင်ပြရမည်။ အစီရင်ခံစာ မိတ္တူကို သက်ဆိုင်ရာဒေသဆိုင်ရာခရီးသွားလုပ်ငန်းကော်မတီသို့ ပေးပို့ရမည်။

## အခန်း (၁၂)

## စီမံခန့်ခွဲရေးနည်းလမ်းအရ အရေးယူခြင်းနှင့် အယူခံခြင်း

၅၁။ ဒေသဆိုင်ရာခရီးသွားလုပ်ငန်းကော်မတီသည် လိုင်စင်ရရှိသူက လိုင်စင်ပါ စည်းကမ်းချက်တစ်ရပ်ရပ် ကို ဖောက်ဖျက်ကြောင်း စစ်ဆေးရေးအဖွဲ့၏ တင်ပြချက်အရဖြစ်စေ၊ အခြားနည်းတစ်ရပ်ရပ်အရ သိလျှင် ဖြစ်စေ စီမံခန့်ခွဲရေးနည်းလမ်းအရ အရေးယူနိုင်ရန် စုံစမ်းစစ်ဆေးရေးအဖွဲ့ကို လိုအပ်သလို ဖွဲ့စည်း တာဝန်ပေးအပ်နိုင်သည်။

၅၂။ နည်းဥပဒေ ၅၁ အရ တာဝန်ပေးအပ်ခံရသည့် စုံစမ်းစစ်ဆေးရေးအဖွဲ့သည် သက်သေများနှင့် စုံစမ်း စစ်ဆေးခြင်းခံရသူတို့ကို စစ်ဆေးခြင်း၊ စာရွက်စာတမ်း အထောက်အထားများ တောင်းခံကြည့်ရှုခြင်းတို့ ပြုလုပ်ပြီးနောက် စစ်ဆေးတွေ့ရှိချက်၊ အကြံပြုချက်များ ပါဝင်သော အစီရင်ခံစာကို ဒေသဆိုင်ရာ ခရီးသွားလုပ်ငန်းကော်မတီသို့ တင်ပြရမည်။

၅၃။ ဒေသဆိုင်ရာခရီးသွားလုပ်ငန်းကော်မတီသည် နည်းဥပဒေ ၅၂ အရ တင်ပြသည့် အစီရင်ခံစာကို လက်ခံရရှိသည့်အခါ အနီးကပ်ဆုံး ကျင်းပသည့် အစည်းအဝေးတွင် ဆုံးဖြတ်ရမည်။ လိုင်စင်ပါ စည်းကမ်း ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကြောင်း တွေ့ရှိပါက ဥပဒေပုဒ်မ ၂၆ ပါ စီမံခန့်ခွဲရေးဆိုင်ရာအမိန့် တစ်ရပ်ရပ်ဖြစ်စေ၊ တစ်ရပ်ထက်ပို၍ဖြစ်စေ ချမှတ်နိုင်သည်။ ယင်းအမိန့်ကို စုံစမ်းစစ်ဆေးခြင်းခံရသူထံ ပေးပို့ အကြောင်းကြားရမည်။

Myanmar Law Information System (MLIS)

၅၄။ ဒေသဆိုင်ရာခရီးသွားလုပ်ငန်းကော်မတီသည် နည်းဥပဒေ ၅၃ အရ ချမှတ်သည့် စီမံခန့်ခွဲရေးဆိုင်ရာ အမိန့် ချမှတ်ခြင်းခံရသူသည် ယင်းအမိန့်ကို လက်ခံရရှိသည့်နေ့မှ ရက်ပေါင်း ၃၀ အတွင်း ခရီးသွား လုပ်ငန်းကော်မတီသို့ အယူခံဝင်ရောက်နိုင်သည်။

၅၅။ ခရီးသွားလုပ်ငန်းကော်မတီသည် အယူခံလျှောက်လွှာကို လက်ခံရရှိလျှင် သက်ဆိုင်ရာအမှုတွဲကို တောင်းယူကြည့်ရှုပြီး ဆုံးဖြတ်ချက် ချမှတ်ရမည်။ ယင်းဆုံးဖြတ်ချက်ကို လျှောက်ထားသူထံ စာဖြင့် အကြောင်းကြားရမည်။

## အခန်း (၁၃)

## ခရီးသွားလုပ်ငန်းဆောင်ရွက်ခြင်းနှင့်စပ်လျဉ်းသည့်ငွေကြေးကိစ္စရပ်များ

၅၆။ ခရီးသွားလုပ်ငန်းဆောင်ရွက်သူသည် ခရီးသွားလုပ်ငန်းနှင့်စပ်လျဉ်း၍ ငွေစာရင်းများနှင့် မှတ်တမ်း များကို ပြည့်စုံမှန်ကန်စွာ ရေးသွင်းပြုစုထားရှိရမည်။ သက်ဆိုင်ရာဌာနများက လာရောက်စစ်ဆေးသည့် အခါ စစ်ဆေးခြင်း ခံယူရမည်။

၅၇။ တည်ဆဲဥပဒေများနှင့်အညီ ပေးဆောင်ရန် တာဝန်ရှိသော အခွန်အခများ ပေးဆောင်ခြင်းနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာဌာနများက စိစစ်နိုင်ရန် ခရီးသွားလုပ်ငန်းဆောင်ရွက်သူသည်-

(က) မြန်မာနိုင်ငံတော်ဗဟိုဘဏ်က ခွင့်ပြုထားသည့်ဘဏ်များတွင် နိုင်ငံခြားငွေစာရင်းကိုလည်းကောင်း၊ ကျပ်ငွေ စာရင်းကိုလည်းကောင်း ဘဏ်စာရင်း ဖွင့်လှစ်ရမည်။

(ခ) နိုင်ငံခြားငွေနှင့် ကျပ်ငွေများ လက်ခံရယူခြင်း၊ ထိန်းသိမ်းခြင်း၊ ဘဏ်သို့ ပေးသွင်းခြင်းနှင့် ဘဏ်မှ ထုတ်ယူခြင်းတို့ ဆောင်ရွက်ရာတွင် တည်ဆဲဥပဒေများ၊ နည်းဥပဒေများနှင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ် ၏ သတ်မှတ်ချက်များနှင့်အညီ ဆောင်ရွက်ရမည်။

## အခန်း (၁၄)

## အထွေထွေ

၅၈။ ဒေသဆိုင်ရာခရီးသွားလုပ်ငန်းကော်မတီသည် လုပ်ငန်းဆောင်ရွက်ချက် အစီရင်ခံစာကို နှစ်လ တစ်ကြိမ်ခရီးသွားလုပ်ငန်းကော်မတီသို့ တင်ပြရမည်။ ယင်း အစီရင်ခံစာမိတ္တူကို ဝန်ကြီးဌာနသို့ ပေးပို့ ရမည်။

၅၉။ ကော်မတီအဆင့်ဆင့်၌ အဖွဲ့ဝင်ဖြစ်သော နိုင်ငံ့ဝန်ထမ်းမဟုတ်သူများ၏ လစာ၊ စရိတ်နှင့် ချီးမြှင့်ငွေ များကို ပြည်ထောင်စုအစိုးရအဖွဲ့က သတ်မှတ်သည့်အတိုင်း ခံစားခွင့်ရှိသည်။ ယင်း လစာ၊ စရိတ်နှင့် ချီးမြှင့်ငွေများကို ကျခံသုံးစွဲရာတွင်-

(က) ဒေသဆိုင်ရာခရီးသွားလုပ်ငန်းကော်မတီ၏ အဖွဲ့ဝင်ဖြစ်ပါက နေပြည်တော်ကောင်စီ၊ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့၏ နှစ်စဉ် အရအသုံးခန့်မှန်းခြေငွေစာရင်း ဘဏ္ဍာရန်ပုံငွေ မှ ဘဏ္ဍာရေးလုပ်ထုံးလုပ်နည်းများနှင့်အညီ ကျခံသုံးစွဲရမည်။

(ခ) ဗဟိုကော်မတီနှင့် ခရီးသွားလုပ်ငန်းကော်မတီတို့၏ အဖွဲ့ဝင်ဖြစ်ပါက ဝန်ကြီးဌာန၏ နှစ်စဉ် အရအသုံးခန့်မှန်းခြေငွေစာရင်း ဘဏ္ဍာရန်ပုံငွေမှ ဘဏ္ဍာရေးလုပ်ထုံးလုပ်နည်းများနှင့်အညီ ကျခံ သုံးစွဲရမည်။

Myanmar Law Information System (MLIS)

(ပုံ) အုန်းမောင်

ပြည်ထောင်စုဝန်ကြီး

ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန

Myanmar Law Information System (MLIS)